# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး

## (၁၆)ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၄ ရက်

## (၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်)

## (ကြာသပတေးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဒေါ်နန့်အေးအေးကြည်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များရှင်။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေးရဲ့ (၁၆)ရက်မြောက်နေ့ အစီအစဉ်စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ကြွရောက်လာပါပြီရှင်။

[ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌသည် ဒုတိယဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ကြွရောက်နေရာယူပါသည်။]

**ဒုတိယဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီရှင်။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များ သုမင်္ဂလာ အပေါင်းနှင့် ပြည့်စုံတော်မူကြပါစေခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ် မြောက်ပုံမှန်အစည်းအဝေးရဲ့ (၁၆)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော် အခွင့်အရေး ကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၁၇ ဦးရှိတဲ့အနက် ၃၅၀ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက် ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၃.၉၃ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးအစီအစဉ်ကို ကြိုတင်ဖြန့်ဝေထားတဲ့အစီအစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေး မတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ် များအတွက် ခွင့်ပန်ကြားဖို့ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါ သော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၁၆)ရက်မြောက်နေ့မှာ ခွင့်ပန်ကြားတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များစာရင်းကို ကျွန်တော် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးက တင်ပြပါမယ်။ ယနေ့ ခွင့်ပန်ကြားသူများမှာ-

(၁) အုတ်တွင်းမဲဆန္ဒနယ်မှ ဦးညီညီမြင့် ခွင့် ၁ ရက်၊

(၂) လှိုင်လင်မဲဆန္ဒနယ်မှ ဦးခင်မောင်သီ ခွင့် ၂ ရက်၊

(၃) ဟသ်ာတမဲဆန္ဒနယ်မှ ဦးဌေးဦး ခွင့် ၂ ရက်၊

(၄) ဇမ္ဗူသီရိမဲဆန္ဒနယ်မှ ဒေါ်စန္ဒာမင်း ခွင့် ၂ ရက်၊

(၅) မြန်အောင်မဲဆန္ဒနယ်မှ ဦးအောင်စိန် ခွင့် ၁ ရက်၊

(၆) တိုက်ကြီးမဲဆန္ဒနယ်မှ ဦးဟံစိန် ခွင့် ၁ ရက်၊

(၇) ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းဝါနုခွင့် ၁ ရက်၊

(၈) တာချီလိတ်မဲဆန္ဒနယ်မှ ဦးစိုင်းသိန်းအောင် ခွင့် ၂ ရက်၊

(၉) မြစ်သားမဲဆန္ဒနယ်မှ ဦးကြည်မောင် ခွင့် ၁ ရက်၊

(၁၀) ကန်ကြီးထောင့်မဲဆန္ဒနယ်မှ ဦးကျော်ဝင်း ခွင့် ၁ ရက်၊

(၁၁) ပုဏ္ဏားကျွန်းမဲဆန္ဒနယ်မှ ဦးထွန်းအောင်ကျော် ခွင့် ၁ ရက်၊

(၁၂) မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်း ခွင့် ၁ ရက်၊

(၁၃) ကောလင်းမဲဆန္ဒနယ်မှ ဦးတင်ဝင်း ခွင့် ၂ ရက်၊

(၁၄) ပင်လည်ဘူးမဲဆန္ဒနယ်မှ ဦးဝင်းသိန်း ခွင့် ၂ ရက်၊

(၁၅) အင်းတော်မဲဆန္ဒနယ်မှ ဦးကျော်နိုင်ဌေး ခွင့် ၂ ရက်၊

(၁၆) ဝန်းသိုမဲဆန္ဒနယ်မှ ဦးစိုးပိုင် ခွင့် ၂ ရက်၊

(၁၇) လှည်းကူးမဲဆန္ဒနယ်မှ ဦးဖြိုးမင်းသိန်း ခွင့် ၁ ရက်၊

(၁၈) စလင်းမဲဆန္ဒနယ်မှ ဦးခင်မောင်လွင် ခွင့် ၁ ရက်၊

(၁၉) သုံးခွမဲဆန္ဒနယ်မှ ဒေါ်စုစုလွင် ခွင့် ၁ ရက်နှင့်

(၂၀) မြိတ်မဲဆန္ဒနယ်မှ ဦးဌေးမြင့် ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ယနေ့ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးပါရန် လေးစားစွာပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ။** ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၁၇ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ၄၇ ဦး၊ ယနေ့ခွင့်ပြုထားသူ ၂၀ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၆၇ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူ ပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

မူကြမ်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အစည်းအဝေး (၁၃)ရက်မြောက်နေ့တွင် တင်ပြခဲ့သော ပြည်သူ့လွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ၏ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဦးမြသိန်း၊ မုဒုံမဲဆန္ဒနယ်က ဆွေးနွေးခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့မှာ တင်ပြခဲ့တဲ့ ပြည်သူ့ငွေစာရင်းကော်မတီရဲ့ အစီရင်ခံစာနှင့်စပ်လျဉ်းပြီး ဆွေးနွေးလိုကြောင်း မုဒုံမဲဆန္ဒနယ်မှ ဦးမြသိန်းက အမည်စာရင်းတင်သွင်းထားပါတယ်။ ဒါကြောင့် မုဒုံမဲဆန္ဒနယ်မှ ဦးမြသိန်း ဆွေးနွေးဖို့အတွက် ဖိတ်ခေါ်ပါတယ်။

**ဦးမြသိန်း(မုဒုံမဲဆန္ဒနယ်)**။ ။ မင်္ဂလာပါ။ လေးစားအပ်သော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဖိတ်ကြားထားသောဧည့်သည်တော်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေလို့ ရှေ့ဦးစွာနှုတ်ခွန်းဆက်သလိုက်ပါတယ်။ ကျွန်တော် ဆွေးနွေးမှာကတော့ ပြည်သူ့ငွေစာရင်းကော်မတီရဲ့ ဆောင်ရွက်ချက်များကို ဆွေးနွေးမှာဖြစ်ပါတယ်။ ပြည်သူ့ငွေစာရင်းကော်မတီကို ဥက္ကဋ္ဌဦးသူရိန်ဇော်အပါအဝင် အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းထားကြောင်း တွေ့ရှိရပါတယ်။ အဲဒီ ပြည်သူ့ငွေစာရင်းကော်မတီရဲ့ ထူးခြားချက်ကတော့ အရှုံးပေါ်နေတဲ့ နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများကို လေ့လာခြင်းဖြစ်ပါတယ်။ အရှုံးပေါ်နေတဲ့စက်ရုံများမှာ နံပါတ်(၁) မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ နံပါတ်(၁) အမှတ်(၂)ဓာတ်မြေသြဇာစက်ရုံ(ကျွန်းချောင်း)၊ နံပါတ်(၂) အမှတ်(၃) ဓာတ်မြေသြဇာစက်ရုံကျော်စွာ၊ နံပါတ်(၃) မတ္တနောစက်ရုံ(ဆိပ်သာ)၊ နောက်တစ်ခါ နံပါတ်(၂)(ခ) ခေါင်းစဉ် စက္ကူနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း (၁) စက္ကူစက်ရုံ(ရေနီ)၊ (၂) ဟိုက်ဒရိုဂျင်ပါအောက်ဆိုဒ်စက်ရုံ(ချောက်)၊ အပ်ချုပ်စက်ရုံ(ကျောက်ဆည်)၊ နံပါတ်(ဂ) အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်း (၁) အမှတ်(၃၆) အကြီးစားစက်ရုံ(ကျောက်ဆည်)၊ (ကက) မှန်စက်ရုံ(ပုသိမ်)၊ (ခခ) မှန်စက်ရုံ(ကျောက်ဆည်) တို့ဖြစ်ကြပါတယ်။

ပြည်သူ့ငွေစာရင်းကော်မတီမှာ ပညာရှင်များ တွဲဖက်ထားတာ တွေ့ရပါတယ်။ တွဲဖက်ထားတဲ့ ပညာရှင်မှာ ဒေါက်တာတင်လတ်နှင့် ဒေါ်ညိုညိုလှ တို့ဖြစ်ပါတယ်။ နောက် တပ်မတော်သားကိုယ်စား

လှယ်များ ငါးဦး လေ့လာသူအဖြစ် ပေးအပ်ထားပါတယ်။ ကော်မတီ၏ တာဝန်များ။ ကော်မတီသည် နံပါတ်(၁) (က) ပြည်ထောင်စုအစိုးရရဲ့ အသုံးစာရင်းနှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်၏ အစီရင်ခံစာကို စိစစ်ရမည်။ ယင်းတို့ စိစစ်ရာတွင် ပြည်ထောင်စုလွှတ်တော်က ခွင့်ပြုသောငွေကို သတ်မှတ်ထားတဲ့ ကိစ္စအတွက်သာ သုံးစွဲခြင်းရှိ/မရှိ၊ စည်းမျဉ်းစည်းကမ်းနှင့်အညီ သုံးစွဲခြင်းရှိ/မရှိနှင့် ခွင့်ပြုသည့် ရည်ရွယ်ချက်အတိုင်း ထိရောက်မှန်ကန်စွာသုံးစွဲခြင်းရှိ/မရှိတို့ကို စိစစ်ရမည်။ (ခ) ပြည်ထောင်စုလွှတ်တော်က ခွင့်ပြုထားသောငွေကို ထိရောက်မှန်ကန်စွာသုံးစွဲခြင်းရှိ/မရှိ စိစစ်နိုင်ရေးအတွက် လိုအပ်သည့်လုပ်ငန်းဌာနများကို သွားရောက်စိစစ်နိုင်သည်။ (ဂ) အောက်ပါကိစ္စရပ်များနှင့်စပ်လျဉ်း၍ လွှတ်တော်သို့ တင်ပြရမည်။ နံပါတ်(၁) ပြည်ထောင်စုလွှတ်တော်က ပြည်ထောင်စုအစိုးရ၏ တောင်းဆိုချက်အရ ကိစ္စတစ်ခုအတွက် ခွင့်ပြုထားသော သုံးငွေတစ်ရပ်ရပ်ကို အခြားကိစ္စအတွက် ခေါင်းစဉ်ပြောင်း၍ သုံးနည်းကိစ္စများ၊ (၂) ခွင့်ပြုထားသည့် သုံးငွေတစ်ရပ်အတွက် ခေါင်းစဉ်ပြောင်း၍ သုံးစွဲရာ၌ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနက သတ်မှတ်ထားသော စည်းမျဉ်းများနှင့်အညီ ညီညွတ်မှုရှိ/မရှိ ကိစ္စများ၊ (၃) သက်ဆိုင်ရာအစိုးရအဖွဲ့အစည်းတို့ လမ်းညွှန်သင့်သော ဘဏ္ဍာငွေသုံးစွဲနည်းလမ်းအားနည်းချက်များ၊ (၄) ပြည်ထောင်စုလွှတ်တော်သို့ တင်ပြပေးရန် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန တောင်းဆိုသောအသုံးစရိတ်များနှင့် စပ်လျဉ်းသည့်ကိစ္စရပ်များ၊ နံပါတ်(၂) ကော်မတီသည် ပြည်ထောင်စုအစိုးရ၏ စီးပွားရေးဆိုင်ရာလုပ်ငန်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတ၏ အမိန့်အရ ပြုလုပ်၍ စာရင်းများနှင့် ယင်းစာရင်းများအပေါ် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးရဲ့ အစီရင်ခံစာကို စိစစ်ရမည်။ နံပါတ်(၃) ကော်မတီသည် နိုင်ငံတော်သမ္မတ၏ အမိန့်အရ ရငွေ တစ်ရပ်ရပ်ကို စစ်ဆေးပြီး ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ အစီရင်ခံကိုလည်းကောင်း၊ သိုလှောင်သိမ်းဆည်းထားသော ကုန်ပစ္စည်းများနှင့်စပ်လျဉ်းသည့်စာရင်းများ၊ ကုန်ပစ္စည်းများကို စိစစ်ပြီး ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ အစီရင်ခံစာကို စိစစ်ရမည်။

နံပါတ်(၄) ကော်မတီသည် စိစစ်ပေးရန် လိုအပ်သောကိစ္စနှင့်စပ်လျဉ်း၍ ကော်မတီသည် (က) ပြည်ထောင်စုလွှတ်တော်၏ အကြောင်းကြားချက်အရ ဥက္ကဋ္ဌက တာဝန်ပေးအပ်ခြင်းဖြစ်လျှင် လိုအပ်သလိုစိစစ်၍ ကော်မတီ၏တွေ့ရှိချက်နှင့် သဘောထားမှတ်ချက်များကို လွှတ်တော်မှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်သို့ ပြန်လည်တင်ပြရမည်။ (ခ) လွှတ်တော်၏ ဆုံးဖြတ်ချက်အရ ဥက္ကဋ္ဌက တာဝန်ပေးအပ်ခြင်းဖြစ်လျှင် လိုအပ်သလို စိစစ်၍ မိမိ၏တွေ့ရှိချက်နှင့် သဘောထား မှတ်ချက်တို့ကို ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့ ပြန်လည်တင်ပြရမည်။ (ဂ) လွှတ်တော်ကိုယ်စားလှယ်တစ်ဦး၏

တင်ပြချက်အရ စိစစ်ရန်လိုအပ်သည့် လွှတ်တော်၏ဆုံးဖြတ်ချက်ဆုံးဖြတ်၍ ဥက္ကဋ္ဌက တာဝန်ပေးအပ်ခြင်းဖြစ်လျှင် လိုအပ်သလိုစိစစ်၍ မိမိတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်တို့ကို ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့ ပြန်လည်တင်ပြရမည်။

ကော်မတီ၏ အစီရင်ခံစာတင်ပြခြင်း။ နံပါတ်(၁) ကော်မတီသည် အစီရင်ခံစာတင်ပြခြင်းနှင့် စပ်လျဉ်း၍ (က) ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်တစ်ဦးဦးသည် အစီရင်ခံစာလက်မှတ်ရေးထိုး၍ ဥက္ကဋ္ဌထံ တင်ပြနိုင်မည်။ (ခ) ကော်မတီဝင်များသည် ကော်မတီ၏ အစီရင်ခံစာသဘောတူကြောင်း လက်မှတ်ရေးထိုးရမည်။ သို့ရာတွင် သဘောကွဲလွဲချက်များရှိပါက ထိုသဘောကွဲလွဲချက်များကို ရေးသားဖော်ပြ၍ လက်မှတ်ရေးထိုးပြီး အစီရင်ခံတွင် ဖော်ပြနိုင်သည်။ (ဂ) အစီရင်ခံစာကို တင်ပြပြီးနောက် ဥက္ကဋ္ဌက သတ်မှတ်သည့် လေးရက်ထက်မစော၊ ၁၀ ရက်ထက်နောက်မကျသော နေ့တစ်နေ့တွင် ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်တစ်ဦးဦးသည် အစီရင်ခံစာကိုဆွေးနွေးရန် လွှတ်တော်သို့ အဆိုတင်သွင်းရမည်။ (ဃ) အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များ ပြင်ဆင်ခြင်းပြုလုပ်ခွင့်မရှိ၊ (င) အစီရင်ခံစာဆွေးနွေးပြီးသောအခါ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်တစ်ဦးဦးသည် အစီရင်ခံစာကို လွှတ်တော်သို့ သဘောတူလက်ခံရန် အဆိုတင်သွင်းရမည်။

နံပါတ်(၂) ကော်မတီအစည်းအဝေးတွင် ကော်မတီဝင်တစ်ဦးပြောဆိုသော သို့မဟုတ် ပြုလုပ်သောကိစ္စကိုလည်းကောင်း၊ ကော်မတီတွင်ဆွေးနွေးသော ဆွေးနွေးချက်များကိုသော်လည်းကောင်း ပြင်ပသို့ပေါက်ကြားခြင်းမရှိစေရ၊ ကော်မတီအစည်းအဝေးမှတ်တမ်းတွင် ဆွေးနွေးချက်အားလုံးကို အသေးစိတ်စိစစ်မှတ်တမ်းတင်၍ ကော်မတီအတည်ပြုချက် အတည်ပြုထားရမည်။ ယင်းအစည်းအဝေးမှတ်တမ်းများကို ဖြန့်ဝေခြင်းမပြုရ။ လွှတ်တော်သို့ပေးပို့တဲ့ အစီရင်ခံစာမိတ္တူကို အစည်းအဝေးမှတ်တမ်းများနှင့်အတူ ပူးတွဲ၍ အမှုတွဲအဖြစ် တပေါင်းတစ်စည်းတည်း သိမ်းဆည်းထားနိုင်ရန် ပြည်သူ့လွှတ်တော်ရုံးသို့ ပေးပို့ရမည်။ ဗဟိုအဖွဲ့အစည်းများနှင့် ဝန်ကြီးများနှင့်ခေါ်ယူတွေ့ဆုံခြင်း။ ကော်မတီသည်တာဝန်နှင့်လုပ်ပိုင်ခွင့်အရ နိုင်ငံတော်အဖွဲ့အစည်းများ ဝန်ကြီးများကိုဖိတ်ကြား၍ တွေ့ဆုံမေးမြန်းနိုင်တယ်။ နံပါတ်(က) ၂၀၁၁ ခုနှစ်မှာ သုံးကြိမ်၊ (ခ) ၂၀၁၂ ခုနှစ်မှာ သုံးကြိမ်၊ (ဂ) ၂၀၁၃ ခုနှစ်မှာ ရှစ်ကြိမ်၊ ၂၀၁၄ ခုနှစ်မှာ ငါးကြိမ်၊ ၂၀၁၅ ခုနှစ်မှာ သုံးကြိမ် ပြည်ပအဖွဲ့အစည်းများနဲ့ တွေ့ဆုံခြင်း။ ကော်မတီက ပြည်ပအဖွဲ့အစည်းများနဲ့ ၂၀၁၁ ခုနှစ်မှာ တွေ့ဆုံခြင်းမရှိပါဘူး။၂၀၁၂

ခုနှစ်မှာ လေးကြိမ်၊ ၂၀၁၃ ခုနှစ်မှာ သုံးကြိမ်၊ ၂၀၁၄ ခုနှစ်မှာ ငါးကြိမ်၊ ၂၀၁၅ ခုနှစ်မှာ ငါးကြိမ် တွေ့ဆုံခဲ့ပါတယ်။ အလုပ်ရုံဆွေးနွေးပွဲများကို ၁၁ ကြိမ် ပြုလုပ်ခဲ့ပါတယ်။ ကော်မတီဝင်များ၏ နိုင်ငံခြားခရီးစဉ်များ။ ကော်မတီဝင်များသည် နိုင်ငံခြားသို့ လေ့လာရေးခရီးသွားရောက်ခဲ့ပါတယ်။

တွေ့ရှိချက် နှင့်အကြံပြုတင်ပြချက်။ (၁) ပြည်သူ့ငွေစာရင်းကော်မတီအား ပြည်ထောင်စုအစိုးရ၏ ဘတ်ဂျက်ကို ထိရောက်စွာစိစစ်နိုင်ရန်အတွက် အခွန်ဆိုင်ရာပညာရှင်မှ ဘတ်ဂျက်ဆိုင်ရာပညာရှင်များ၏ macro စီးပွားရေး ပညာရှင်များပါဝင်သော Preliminary Budgets Office(PBO)ကို ဖွဲ့စည်း၍ အကြံယူစေပါတယ်။ (၂) ပြည်သူ့လွှတ်တော် ငွေစာရင်းကော်မတီအနေဖြင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ စိစစ်ခြင်းကို ဦးစားပေးဆောင်ရွက်သင့်ပါတယ်။ (၃) ပြည်သူ့လွှတ်တော်၏ ပြည်သူ့ငွေစာရင်းကော်မတီနဲ့ ဝန်ကြီးဌာနများကို ဝယ်ယူရေးကို ဦးစားပေးစိစစ်နိုင်ခဲ့ပါတယ်။ (၃)က PAC တစ်ခုသည် Oversight လုပ်ရန် မလုံလောက်သဖြင့် သက်ဆိုင်ရာဝန်ကြီးများ၊ ဗဟိုကော်မတီများ၊ Departmental Related Committee တို့ကို တိတိကျကျဖွဲ့စည်း၍ ဘတ်ဂျက်အစမှ ဝယ်ယူခြင်း အလယ်၊ အဆုံးစာရင်းစစ်ကန့်ကွက်ချက်များ အဆုံးအထိ Oversight ကို ထိရောက်စွာဆောင်ရွက်ပေးသင့်ပါတယ်။ (၄) ပြည်သူ့ငွေစာရင်းသဘောထားမှတ်ချက်များကို သက်ဆိုင်ရာဝန်ကြီးဌာနများမှ အရေးယူဆောင်ရွက်ခြင်း၊ ဖြေရှင်းပြန်ကြားခြင်းတို့ကို ပီပြင်စွာ ဆောင်ရွက်သင့်ပါတယ်။ (၅) ပြည်သူ့ငွေစာရင်းကော်မတီသည် ကော်မတီ၏အစည်းအဝေးများကိုလည်းကောင်း၊ ဝန်ကြီးဌာနများ၏ Oversight လုပ်သည့် ကြားနာမှုများကိုလည်းကောင်း ပုံမှန်ဆောင်ရွက်ပေးပါတယ်။ (၆) ပြည်သူ့ငွေစာရင်းကော်မတီ ပုံမှန်အစည်းအဝေးများ လုပ်ဆောင်နိုင်ရန်အတွက် ကော်မတီများ၏ လုပ်ငန်းဆောင်ရွက်ချက်ကို လွှတ်တော်မှ တိတိကျကျသတ်မှတ်ပေးသင့်ပါတယ်။ (၇) ကော်မတီများ၏ ဝန်ကြီးဌာနများအား ကြားနာစစ်ဆေးမှုများ စိတ်ပါဝင်စားသော လွှတ်တော်ကိုယ်စားလှယ်များမှ တက်ရောက်ပါဝင် ဆွေးနွေးမေးမြန်းနိုင်ရန်အတွက် ကော်မတီများ ကြားနာမှုများပြုလုပ်ရမည့်ရက်များကို လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကြော်ငြာသင်ပုန်းတွင် ဖော်ပြအသိပေးသင့်ပါတယ်။ (၈) ပြည်ထောင်စုစာရင်းစစ်ချုပ်အား Value for many Value ဝန်ကြီးဌာနစီမံကိန်းများ၏ ဆောင်ရွက်မှုများအပေါ် စိစစ်ခြင်း၊ စစ်ဆေးခြင်းထက် ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေပုဒ်မထဲက တာဝန်ယူစစ်ဆေးပေးသင့်ပါတယ်။ ငွေစာရင်းကော်မတီမှာ ငွေရေးကြေးရေးဥပဒေကို တစ်ခုမှ လုပ်ဆောင်ထားခြင်းမရှိကြောင်း တင်ပြရင်း နိဂုံးချုပ်ပါတယ်။

**ပြည်သူ့လွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ၏ အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့ငွေစာရင်းကော်မတီရဲ့ အစီရင်ခံစာအပေါ် ဆွေးနွေးပေးသွားတဲ့ မုဒုံမဲဆန္ဒနယ်က ကိုယ်စားလှယ် ဦးမြသိန်းကို ကျေးဇူးတင်ရှိပါတယ်ခင်ဗျား။ ယခု ပြည်သူ့ငွေစာရင်းကော်မတီရဲ့အစီရင်ခံစာကို လွှတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အတည်ပြုချက်ရယူခြင်းများကို ဆောင်ရွက်မှာဖြစ်ပါတယ်။ ဒါကြောင့် အစီရင်ခံစာကို အတည်ပြုပေးဖို့အတွက် အဆိုတင်သွင်းဖို့ ဖိတ်ခေါ်အပ်ပါတယ်။

**ဦးမောင်တိုး(အတွင်းရေးမှူး၊ ပြည်သူ့ငွေစာရင်းကော်မတီ)**။ ။ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ကြီးခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး၏ (၁၃) ရက်မြောက်နေ့တွင် တင်ပြသော ပြည်သူ့လွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ၏အစီရင်ခံစာကို ပြည်သူ့လွှတ်တော်မှ သဘောတူလက်ခံပေးပါရန် အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ အဆိုကို အတည်ပြုနိုင်ဖို့ လွှတ်တော်ရဲ့သဘောထားကို ရယူပါမယ်။ ပြည်သူ့ငွေစာရင်းကော်မတီရဲ့ အစီရင်ခံစာကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ပြည်သူ့ငွေစာရင်းကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အစည်းအဝေး (၁၃)ရက်မြောက်နေ့တွင် တင်ပြခဲ့သော ပြည်သူ့လွှတ်တော် ဘဏ္ဍာများနှင့် ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုကော်မတီ၏ အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏အတည်ပြုချက်ရယူခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့တွင် တင်ပြခဲ့သော ဘဏ္ဍာများနှင့်ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်ကသဘောတူလက်ခံရန်အဆိုတင်သွင်းခြင်းနှင့် အတည်ပြုချက်ရယူခြင်းများ ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဒါကြောင့် အဆိုတင်သွင်းရန် ဖိတ်ခေါ်အပ်ပါတယ်။

**မူကြမ်း**

**ဦးသန်းဝင်း(အဖွဲ့ဝင်၊ ဘဏ်များနှင့်ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုကော်မတီ)။** ။ လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ အစည်းအဝေး(၁၃)ရက်မြောက်နေ့တွင် တင်ပြခဲ့သော ပြည်သူ့လွှတ်တော်ဘဏ်များနှင့်ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်မှ သဘောတူလက်ခံပေးပါရန် တောင်တွင်းကြီးမဲဆန္ဒနယ် လွှတ်တော်ကိုယ်စားလှယ် ဦးသန်းဝင်း ကျွန်တော်က အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ။** ။ အဆိုကိုအတည်ပြုနိုင်ဖို့အတွက် လွှတ်တော်ရဲ့သဘောထားကို ရယူပါမယ်။ ဘဏ်များနှင့်ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုကော်မတီရဲ့ အစီရင်ခံစာကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်ကသဘောတူတဲ့အတွက် ဘဏ်များနှင့်ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုကော်မတီရဲ့အစီရင်ခံစာကို လွှတ်တော်ကအတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှာစတင်ဆွေးနွေးပြီး ပြင်ဆင်ချက်များနဲ့ပေးပို့ခဲ့တဲ့ ရာဇဝတ်ကျင့်ထုံးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်ပတ်သက်ပြီး အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်များနဲ့ ပြန်လည်ပေးပို့လာတဲ့အတွက် ရာဇဝတ်ကျင့်ထုံးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များကို လွှတ်တော်သို့တင်ပြခြင်းနှင့် လွှတ်တော်ရဲ့အဆုံးအဖြတ်ရယူခြင်း အစီအစဉ်ကို မူလကဆောင်ရွက်ဖို့ အစီအစဉ်ဖြစ်ပါတယ်။ သို့သော်လည်း ဒီကနေ့မှာ ကျွန်တော်တို့ရဲ့ လာမယ့် ဒုတိယအကြိမ် လွှတ်တော်အသီးသီးကျင်းပရေးနဲ့ပတ်သက်၍ အစည်းအဝေးများဆောင်ရွက်ရန်ကိစ္စများရှိခြင်း၊ တစ်ခါ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှာရှိတဲ့လွှတ်တော်ဥက္ကဋ္ဌများ ပါဝင်ဖွဲ့စည်းထားတဲ့ Myanmar Parlimentary Union နဲ့ပတ်သက်ပြီး အစည်းအဝေးများကျင်းပရန်ကိစ္စ ဆောင်ရွက်ချက်များ ဆောင်ရွက်ရန်ရှိနေပါတယ်။ ကျွန်တော်တို့အနေနဲ့ ဒီရာဇဝတ်ကျင့်ထုံးဥပဒေကို ပြင်ဆင်တဲ့ဥပဒေကြမ်းနဲ့ပတ်သက်ပြီး အသေးစိတ်ပြင်ဆင်ချက်များအပေါ်မှာ ဆွေးနွေးအတည်ပြုဆုံးဖြတ်မယ်ဆိုရင် အချိန်ကာလတစ်ခု ရောက်ရှိသွားမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီအစီအစဉ်ကို ကျွန်တော်တို့အနေနဲ့ သေသေချာချာ အသေးစိတ်ကောင်းကောင်းမွန်မွန်နဲ့ ဆောင်ရွက်နိုင်ရန်

အတွက် ဒီကနေ့မှာ ကျင်းပခြင်းမပြုတော့ဘဲနဲ့ နောက်သင့်လျော်တဲ့ရက်တစ်ရက်ကို ရွှေ့ဆိုင်းပြီး တော့ဆောင်ရွက်မှာဖြစ်ကြောင်း လွှတ်တော်ကိုအသိပေးကြေညာပါတယ်။

## ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၇)ရက်မြောက် နေ့ကျင်းပမည့်နေ့ရက်နှင့် အချိန်ကိုကြေညာခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ကို ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၄ ရက်(တနင်္လာနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့ အစည်းအဝေး အောင်မြင်စွာပြီးမြောက်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၂၅**။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီရှင်။

**အခမ်းအနားမှူး**။ ။ ကိုယ်စားလှယ်များပြန်လည်ထွက်ခွာနိုင်ပါပြီရှင်။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ ကို ၁၀း၂၅ နာရီ အချိန်တွင်ရပ်နားပါသည်။]